# Generation Wave

# မျိုးဆက်သစ်လူငယ်များ

သတင်းထုတ်ပြန်ကြေငြာချက်

ရက်စွဲ။ ဇူလိုင်လ ၁၁ရက် ၂၀၂၃ခုနှစ်
စာအမှတ်။ ၁/ ၂၀၂၃

Generation Wave (မျိုးဆက်သစ်လူငယ်များ) ရဲ့ အတွင်းရေးမှူး ကိုဝေဖြိုး(ခ) ဂလိကို ပြည်မြို့အမှတ်(၁)ရဲစခန်းမှ စခန်းမှူး ဦးအောင်လင်းက ဇူလိုင်လ ၁၀ရက်နေ့ မနက် ၁၁နာရီခွဲခန့်မှာ လာရောက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။ ဖမ်းဆီးရခြင်း အကြောင်းရင်းက ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်းက Generation Wave (မျိုးဆက်သစ်လူငယ်များ) ကပြုလုပ်ခဲ့တဲ့ နိုင်ငံရေး အကျဉ်းသားများလွတ်မြောက်ရေး ပိုစတာလှုပ်ရှားမှုကို ဦးဆောင်စီစဉ်ခဲ့တာကြောင့်ဖြစ်တယ်လို့ စခန်းမှူးဦးအောင်လင်းက ပြောခဲ့ပါတယ်။ ရဲအဖွဲ့ဟာ ကိုဝေဖြိုး(ခ)ဂလိကို ဖမ်းဆီးပြီးတဲ့နောက်မှာ ပြည်မြို့နယ်တရားရုံးသို့ ခေါ်ယူသွားခဲ့ပြီး စစ်ဆေးမေးမြန်းရန်အကြောင်းပြချက်နဲ့ ဖမ်းဆီးချုပ်နှောင်ထားခွင့် ယမန်ကို ပြည်မြို့နယ်တရားရုံးမှရယူခဲ့ပါတယ်။ ယခုကိုဝေဖြိုး(ခ)ဂလိဟာ ပြည်မြို့အမှတ်(၁)ရဲစခန်းအချုပ်မှာ ဖမ်းဆီးချုပ်နှောင်ခံထားရဆဲဖြစ်ပြီး လာမယ့် ဇူလိုင်လ ၂၄ရက်နေ့မှာ ရုံးတင်တရားစွဲမယ်လို့သိရပါတယ်။

ယခုလပိုင်းအတွင်းမှာ အခြားနိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပေါ် အလားတူဖမ်းဆီးတရားစွဲမှု၊ နှစ်ရှည်ထောင်ဒဏ်ချမှတ်မှုတွေ အမြောက်အမြားရှိခဲ့တာကိုလည်းတွေ့ရပါတယ်။နိုင်ငံရေးလူမှုရေးတက်ကြွလှုပ်ရှားသူတွေအပေါ်အာဏာပိုင်တွေရဲ့ အခုလိုဖိနှိပ်ဖမ်းဆီးမှုတွေဟာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရက ဦးဆောင်အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပြီး ပြည်သူလူထုနဲ့နိုင်ငံတကာရဲ့ယုံကြည်မှုကိုလည်း ကျဆင်းစေနိုင်တဲ့လို့ Generation Wave (မျိုးဆက်သစ်လူငယ်များ) အဖွဲ့အနေနဲ့ ထုတ်ဖော်ပြောကြားလိုပါတယ်။

တက်ကြွလှုပ်ရှားသူများဟာ လူထုကြားထဲက လူမှုဒုက္ခအဝဝကို ကိုယ်ကျိုးစွန့်အနစ်နာခံရှာဖွေဖော်ထုတ်ပြီး အစိုးရနဲ့ပြည်သူ တရပ်လုံးကသိရှိအဖြေရှာနိုင်ဖို့အတွက် လှုပ်ရှားဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်သမ္မတကိုယ်တိုင်ကြွေးကြော်ခဲ့တဲ့ "လွှတ်တော်အသံ ပြည်သူ့အသံ" ဆိုတဲ့ ဆောင်ပုဒ်ကို လေးစားအသိအမှတ်ပြုပြီး ဒီမိုကရေစီ အပြောင်းအလဲကို တတပ်တအားကူညီ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ယခုလို ဖမ်းဆီး ဖိနှိပ်မှုတွေဟာ တက်ကြွလှုပ်ရှားသူများနဲ့ အရပ်ဘက်ပြည်သူ့အဖွဲ့အစည်းများရဲ့ အပြောင်းအလဲမှာပါဝင်မှုကို လျော့ကျစေနိုင်ပြီး၊ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ ရင်ဖွင့်သံတွေကို ဆိတ်သုဉ်းသွားစေနိုင်ပါတယ်။ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ပြည်သူလူထုရဲ့ ပါဝင်မှုကင်းမဲ့သွားခဲ့ရင် အပြောင်းအလဲလုပ်ငန်းစဉ်တွေ နှေးကွေးရပ်တန့်စေနိုင်တဲ့အထိ အန္တရာယ်ကြီးမားနိုင်မယ်လို့ Generation Wave (မျိုးဆက်သစ်လူငယ်များ) အဖွဲ့အနေနဲ့ ယူဆပါတယ်။

ဒါကြောင့် အစိုးရနှင့်တကွအာဏာပိုင်များအနေနဲ့ ဒီမိုကရေစီကို အမှန်တကယ်ယုံကြည်ပြီး အပြောင်းအလဲ လုပ်ငန်းစဉ်များကို ပြည်သူလူထုနဲ့ အတူတကွ ပူးပေါင်းဖော်ဆောင်လိုတယ်ဆိုရင် တက်ကြွလှုပ်ရှားသူများနဲ့ အရပ်ဘက်ပြည်သူ့အဖွဲ့အစည်းများကို ယုံကြည်လက်ခံဖို့ လိုအပ်ကြောင်း အသိပေးလိုပါတယ်။ ဒို့အပြင် ကိုဝေဖြိုး(ခ)ဂလိ အပါအဝင် ဖမ်းဆီးအကျဉ်းချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ ချက်ချင်း လွှတ်ပေးဖို့ Generation Wave (မျိုးဆက်သစ်လူငယ်များ) အနေနဲ့ အလေးအနက် တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

Generation Wave
(မျိုးဆက်သစ်လူငယ်များ)